Health Manpower Database, MoHS Mail Server နှင့်
ကျန်းမာရေးဝန်ထမ်းများသို့ ဖြန့်ဝေမည့် Mobile Tablet များတွင်
အချက်အလက်များထည့်သွင်းခြင်း လုပ်ငန်းများနှင့်ပတ်သက်၍
အသိပေးရှင်းလင်းတင်ပြခြင်း အခမ်းအနားတွင်
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး
ဒေါက်တာမြင့်ထွေး ပြောကြားသည့်မိန့်ခွန်း
(Draft)

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ နေပြည်တော်။ (၈-၈-၂၀၁၈)

- အားလုံးပဲမင်္ဂလာပါ။
- ဒီနေ့ကြွရောက်လာကြတဲ့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးများ၊ ဆရာဝန်တွေ အားလုံးကို မင်္ဂလာပါလို့ ပြောကြားလိုပါတယ်။
- ဒီနေ့ဟာ ကျွန်တော်တို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအတွက် တော်တော်အရေးကြီးတဲ့ နေ့တစ်နေ့ဖြစ်ပါတယ်။ one of the milestones ပါ ။
- ကျွန်တော်တို့ အနေနဲ့ကတော့ ဒီအစည်းအဝေးမှာ ဘာတွေလုပ်နေသလဲ၊ ဘာတွေဆက်လုပ်ဖို့ အစီအစဉ်တွေရှိလဲဆိုတာ အဲဒါတွေကို ပြောမှာပါ။ ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ/ဘဏ္ဍာ)က present လုပ်တဲ့အခါမေးကြပါ၊ clarify ကြပါ။ နောက်ပြီးတော့ suggestion လည်းပေးကြပါ။ innovative thinking, out of the box thinking နဲ့ ဒါတွေကို

ဘယ်လိုပေါင်းလုပ်ရမယ်ဆိုတာ ပြောကြပါ။ အခုအစည်းအဝေး တက်တဲ့ အထဲမှာ ကွန်ပျူတာ ကျွမ်းကျင်သူလည်း အများကြီးပါပါတယ်။

- အစည်းအဝေးမှာ ပွင့်ပွင့်လင်းလင်းပြောကြပါ၊ ဒါထက်ပိုကောင်းအောင် ဘယ်လိုလုပ်မလဲဆိုတာကို ဝင်ပြီးဆွေးနွေးစေချင်ပါတယ်။
- ပထမဆုံးအချက်ကတော့ ဒီအစည်းအဝေးကို ဖြစ်မြောက်အောင် လုပ်ပေးတဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ်(စီမံ/ဘဏ္ဍာ) နှင့်အဖွဲ့၊ အခြားဦးစီးဌာနမှာရှိတဲ့ computer section, ICT section က ဝန်ထမ်းတွေ ဒီဟာကို ဖြစ်မြောက်အောင် data တွေကို provide လုပ်ပေးတဲ့ ဝန်ထမ်းများအားလုံးကို အထူးကျေးဇူးတင်ကြောင်း ကျွန်တော်ပြောလိုပါတယ်။ ဒီဟာ ဖြစ်မြောက်လို့ရှိရင် ရှေ့လုပ်ငန်းများဟာ ဒီထက်လွယ်ကူသွားမှာ ဖြစ်ပါတယ်။
- အဓိကကတော့ Information and Communication Technology (ICT) ကိုသုံးပြီး e-Government လုပ်ငန်းများ အတွက်သုံးရပါမယ်၊ ဒါမှသာလျှင် အခြားနိုင်ငံကို မှီမှာဖြစ်ပါတယ်၊ မသုံးဘူးဆိုရင် နောက်အနှစ် (၅၀)ဆိုရင်လည်း အခြားနိုင်ငံ၏ အနောက်ကို ရောက်မှာ ဖြစ်ပါတယ်။ we have to leapfrog innovative thinking နဲ့ အကုန်လုံးအသစ်တွေ လုပ်ရပါမယ်၊ ပြင်စရာရှိရင်ပြင်ပါ။ ဘေးပတ်ဝန်းကျင် အခြေအနေ၊ ပြည်တွင်း/ ပြည်ပအခြေအနေတွေ အကုန်လုံးပြောင်းနေတဲ့ အတွက် လိုက်လျောညီထွေ ဖြစ်အောင်လုပ်ဖို့လိုပါတယ်၊ လုပ်တဲ့အခါမှာ technical ကျွမ်းကျင်မှုအပိုင်း၊ public health ကျွမ်းကျင်မှုအပိုင်းက technical acumen, public health acumen ကို တက်ဖို့ဆိုတာ က

real conductive ICT Technology အရမ်းအရေးကြီးပါတယ်၊ အဲဒါကြောင့် ဒါကို ပီပြင်အောင်လုပ်ဖို့ ရှိပါတယ်။

- ဒီအစည်းအဝေးမှာ ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ/ဘဏ္ဍာ)တို့ ပြောမှာ (၃)ချက် ပြောသွားမှာဖြစ်ပါတယ်။ ပထမအချက်ကတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ website, ဒုတိယအချက်က health manpower database နှင့် တတိယအချက်က Tablet ဖြစ်ပါတယ်။
- ဒီမှာကြည့်တဲ့အခါမှာ ပထမဆုံးကတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန website ကို အထက်ကနေကြည့်ပါတယ်၊ တချို့ဌာနတွေက ဌာနအမည်တောင် မပြောင်းရသေးတာ ရှိနေပါတယ်။ အမြန်ဆုံးလုပ်ဖို့လည်း ကျွန်တော်ပြောထားပြီးပါပြီ၊ အမြန်ဆုံးစီစဉ်ပါ၊ အမြန်ဆုံး လုပ်စေချင်ပါတယ်။ ကိုယ့်ဌာနမှာ ရှိတဲ့ website ကို update လုပ်ပြီး လုပ်တာတွေကို တင်ပြမှာသာ ပြည်သူများကသိမှာပါ။ ဘာကြောင့် ကျွန်တော် ဒီစကားပြောလည်းဆိုတော့ ကျွန်တော်တို့ နိုင်ငံမှာရှိတဲ့ ကျန်းမာရေးဝန်ထမ်းများဟာ အလွန်ကောင်းသောအလုပ်ကို လုပ်နေကြပါတယ်။ လစာနဲ့အလုပ် မမျှအောင် လုပ်နေရကြပါတယ်။ အဲဒီလို လုပ်တာတွေကို ပြည်သူတွေက သိဖို့လိုပါတယ်။ မဟုတ်ဘဲ တစ်ချက်လောက် မှားသွားတာကို အကုန်လုံး မှားသွားသလိုဖြစ်တာ ကျွန်တော်တို့က အပြောခံရပါတယ်။ အဲဒါကြောင့် ဆရာတို့ကို လုပ်ခိုင်းတာပါ၊ လုပ်တယ်ဆိုတာ ကျွန်တော့်အတွက် မဟုတ်ပါဘူး၊ ဆရာတို့အတွက် ဖြစ်ပါတယ်။ ပြည်သူများအတွက် ဖြစ်ပါတယ်။

- ဒီမှာ ကျွန်တော်တို့ website ကို လုပ်တဲ့အခါမှာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန webpage ကိုလည်း ပြန်ပြင်ဖို့လုပ်နေပါပြီ။ ဒီဟာတွေအကုန်လုံးဟာ ကျွန်တော်တို့ရဲ့ မျက်နှာတွေပါ၊ ဥပမာ- လူတစ်ယောက်၏မျက်နှာကိုကြည့်ရင် ရှင်းရှင်းလင်းလင်း ရှိဖို့လိုပါတယ်။ ဥပမာ- ပြည်ထောင်စုဝန်ကြီး နေရာမှာဆိုရင် ဝန်ကြီးပြောခဲ့တဲ့ speech တွေ အကုန်လုံးပါပါမယ်၊ C.V တွေ ပါမယ်၊ activities အကုန်ပါမယ်။ ဒီ website ကို develop လုပ်တဲ့အခါမှာ ဒီအတိုင်းမလုပ်ပါဘူး၊ ကျွန်တော်တို့ရှိသမျှ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဌာနချုပ် SEARO, NIH, US FDA အခြားနိုင်ငံတွေရဲ့ဝန်ကြီးဌာန website တွေ အကုန်ကြည့်ပြီး ဒီဇိုင်းလုပ်ထားပါတယ်။
- Website ရဲ့ဘယ်ဘက် highlight မှာ တိုင်းဒေသကြီး/ ပြည်နယ် တွေ အကုန်ပါပါတယ်၊ ကချင်ကိုနှိပ်လိုက်ရင် ကချင်ပြည်နယ်ဦးစီး ဌာနမှူးက ဘာတွေလုပ်ထားလဲဆို ဓါတ်ပုံလေးနဲ့ activity လေး တွေထည့်ပါမယ်၊ ကျန်တဲ့ တိုင်းဒေသကြီး/ ပြည်နယ်တွေကလည်း ဒီအတိုင်းပါပဲ။ ဒီလို လုပ်ခြင်းအားဖြင့် (ဥပမာ- ကျွန်တော်က ကချင်ပြည်နယ်ဦးစီးမှူးဆိုရင် မွန်ပြည်နယ်ဦးစီးမှူး လုပ်ထားတာတွေ ဖွင့်ကြည့်လိုက်ရင် ပြည်နယ်ဦးစီးမှူးက ဒါလုပ်နေတယ်၊ ကျွန်တော်လည်း ဒါလုပ်ရင်ကောင်းမလား) အချင်းချင်း သိလာပါမယ်။ အဲဒီအတွက်ကို ကျွန်တော်တို့ ဝန်ကြီးဌာနရဲ့ website မှာ သပ်သပ်ထည့်ပေးတာပါ၊ ဒီမှာဆရာတို့ ဘာထည့်မလဲဆိုတာကို ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ/ဘဏ္ဍာ)ကိုပြောပါ။ ထည့်တဲ့အခါမှာ ရက်စွဲထည့်ပေးပါ၊ အဓိကကရက်စွဲပါ။ ဒါဟာ အလွန်ကောင်းပါတယ်။

တစ်ဦးနဲ့တစ်ဦး learning among personal အတုယူတာပေါ့၊ အဲဒါလေးတွေရှိပါတယ်။ ကျန်တာတွေကတော့ ကျွန်တော်တို့မှာ A to Z ဆိုတာရှိပါတယ်။ CDC agenda လို နှိပ်လိုက်ရင် A ဆိုရင် A နဲ့ဆိုင်တဲ့ subject တွေရှိပါမယ်၊ B ဆိုရင် B ဆိုင်တဲ့ subject တွေရှိပါမယ်၊ C ဆိုရင် C နဲ့ဆိုင်တဲ့ subject တွေရှိပါမယ်၊ R ဆိုရင် research တွေရော အကုန်ပါပါတယ်။ အဲဒါကိုလည်း ကျွန်တော်တို့ ဝန်ထမ်းတွေက ကြည့်ကြပါ။ ဒါတွေက ကျွန်တော်တို့ရဲ့ public health acumen ၊ clinical acumen တက်ဖို့ကူညီမှာပါ။ မကြာခင်မှာ finalize လုပ်ပြီးတော့ website တင်ပါမယ်။

- အလားတူစွာပဲ ကျန်တဲ့ဦးစီးဌာနမှာလည်းလုပ်ကြပါ၊ လုပ်တဲ့အခါမှာ ကျွန်တော်တို့ ဝန်ကြီးဌာနမှာ web coordination committee ဆိုတာ ဖွဲ့ဖို့လိုပါတယ်။ web coordination committee မှာ director level တွေအောက်မှာ technical committee လည်း ရှိပါတယ်။ Technical committee မှာ ကွန်ပျူတာကျွမ်းကျင်တဲ့ လူရှိမယ်၊ web coordination committee မှာ ဌာနတွေ အားလုံးပါပါမယ်။ ကျွန်တော်တို့ဝန်ကြီး ဌာနရဲ့ website က အခုထက် ကောင်းအောင်လုပ်မယ်ဆိုရင် လုပ်ပါ၊ policy၊ strategy၊ ideas တွေပေးမယ်၊ လုပ်မှာက technical committee လုပ်မှာပါ၊ ဌာနတွေမှာက ကွန်ပျူတာကျွမ်းကျင်တဲ့ လူတွေရှိပါတယ်၊ အဲဒီအဖွဲ့တွေက လုပ်ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့က ဒါကိုလုပ်မှသာလျှင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အလုပ်လုပ်နေတာ

ဘယ်လောက်ကောင်းလဲ၊ ဘာတွေလုပ်နေလဲဆိုတာ ပြည်သူများသိနိုင်မှာ ဖြစ်ပါတယ်။

- အဲဒီတော့ ပထမဆုံး အဲဒါမလုပ်ခင် မိမိတို့ဌာနအလိုက် အခုရှိနေ webpage တွေကို quick review and update လုပ်လိုက်ပါ။ တစ်ခါတည်း ပြောင်းလို့ရရင်ပြောင်းပါ၊ မရရင် update လုပ်ပါ။
- Webpage ရဲ့ principle ကတော့ လွယ်ကူစွာရှာဖွေနိုင်ရမယ်၊ ရှင်းလင်းစွာမြင်နိုင်ရမယ်၊ ပြည့်စုံစွာဖော်ပြနိုင်ရမယ်၊ အဲဒီ (၃)ခုကို principle လုပ်ပြီးတော့ webpage တွေကို ဒီဇိုင်းလုပ်ပါ။ ဝန်ကြီး ဌာန first page ဖြစ်သော home page မှာ ဦးစီးဌာနတွေအကုန် လုံးပါပါတယ်။ ဦးစီးဌာနတစ်ခုစီကို ဖွင့်ကြည့်လိုက်ရင် သူ့ဦးစီးနဲ့ သက်ဆိုင်တာ အကုန်သိပါမယ်၊ အဲဒီလိုမျိုးကို ကျွန်တော်ဖြစ်စေချင်ပါတယ်။ ဒါဟာ ကျွန်တော့်တို့ရဲ့ မျက်နှာဖုံးဖြစ်တဲ့အတွက် ဒါဟာ အရမ်းအရေးကြီးပါတယ်။
- နောက်တစ်ချက် အလားတူစွာပဲ တက္ကသိုလ် (၁၆)ခုရဲ့ rester နဲ့ prospectus ကို update လုပ်စေချင်ပါတယ်။ နိုင်ငံခြားက တက္ကသိုလ်တွေမှာဆိုလို့ရှိရင် prospectus ကို ကြည့်လိုက်တာနဲ့ အကုန်သိပါတယ်၊ faculty member တွေက ဘယ်သူရှိတယ်၊ course တွေကဘာတွေရှိတယ်၊ ဘာတွဲ့တွေပေးတယ်၊ အကုန်ပါပါတယ်။ အဲဒါတွေကို လုပ်ဖို့ လုပ်ပါတယ်။ ဆရာတို့ ပါမောက္ခချုပ်အချင်းချင်းညှိပြီး generic format တင်ပြပါ၊ ပါမောက္ခချုပ်တွေက ဝေဖန်သုံးပြီးတော့ generic format ကို ပေးပါ။ generic format ရဲ့ prospectus တစ်ခုမှာ အနည်းဆုံး ပါသင့်တဲ့အချက်တွေထည့်ပါ၊ သူနာပြုနဲ့ပတ်သက် တာတွေ၊ Med Tech

နဲ့ ပတ်သက်တာတွေ မပါသေးရင် နောက်ထပ်ထည့်ပါ။ Hard copy ထားသလို ဝန်ကြီးဌာနရဲ့ website မှာလည်း တင်ထားလိုက်ပါ။ အခုဆို လို့ရှိရင် ကျွန်တော်တို့နိုင်ငံက ဆေးတက္ကသိုလ်တွေမှာ နီပေါနိုင်ငံက ကျောင်းသား တွေတက်ချင်နေတယ်၊ ဘူတန်နိုင်ငံကလည်း တက်ချင်ကြတယ်၊ FETP course တွေကိုလည်း ပီပြင်အောင်လုပ်ရင် အနီးအနားနိုင်ငံက short course တွေကိုတက်ဖို့ အစီအစဉ်ရှိပါတယ်။ လာရောက်တက်ဖို့/ မတက်ဖို့ဆိုတာက ကျွန်တော်တို့ရဲ့ ဆေးတက္ကသိုလ်မှာရှိတဲ့ website ကို ဝင်ကြည့်လိုက်ရင် ကျွန်တော်တို့ကို အထင်ကြီးသွားမယ်၊ ဟာ! ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာနမှာ ဒါတွေ၊ ဒါတွေရှိပါလား ဆိုပြီး သူတို့က သိသွားမှာပါ၊ အဲဒါကြောင့် ကျွန်တော်တို့က exemplary ဖြစ်ဖို့လိုပါတယ်။ အဲဒါလေးကို လုပ်စေချင်ပါတယ်။

- အခုကွန်ပျူတာတွေ အများကြီးထပ်ဝယ်နေပါတယ်၊ မိမိရှေ့မှာ ရှိတဲ့ ကွန်ပျူတာမှာ CEU, EPI စတာတွေကို ကြည့်နိုင်ပါတယ်။
- မိမိတို့ရဲ့ information ကို systematically compartmentalize ဖြစ်အောင်ထားရပါမယ်။ ဖွင့်ကြည့်လိုက်တာနဲ့ အကုန်သိပါမယ်၊ All will be on the same boat အကုန်လုံးသိပါမယ်။ အဲဒီမှာပါတဲ့ data တွေ ထည့်ပေးပါ။ အဲဒီမှာပါလို့ရှိရင် updated ထည့်ပေးပါ၊ compartmentalize ဆိုတာကတော့ တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးတစ်ယောက်၏ ကွန်ပျူတာထဲမှာ သူ့တိုင်းနဲ့ ပြည်နယ်မှာရှိတဲ့ Township wise data တွေရှိပါတယ်။ အဲဒီ data တွေက ဘာရှိလဲဆိုရင် web coordination committee မှာ ညှိပြီးလုပ်ပေးပါမယ်။ ဆိုလိုတာက တိုင်းဒေသကြီး/

ပြည်နယ်ဦးစီးမှူးတွေက အေးအေးဆေးဆေး သူ့စားပွဲပေါ်မှာတင်ပြီး ဖွင့်ကြည့်လိုက်ရင်သိပါပြီ၊ ဘယ်မြို့နယ်မှာ ဘာဖြစ်နေလဲ၊ အဲလို ဖြစ်အောင်လုပ်ဖို့ ရေရှည်အတွက် လုပ်ရပါမယ်။

- အရေးကြီးဆုံးကတော့ basic format နဲ့ framework ရပြီး ထပ်ဖြည့်ဖို့က လွယ်ပါတယ်။ Basic format လုပ်တာက အကုန်လုံး တူဖို့လိုပါတယ်၊ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးတွေ နဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ/ဘဏ္ဍာ)တို့အဖွဲ့နဲ့ တိုင်ပင်ပါ၊ သူတို့လိုချင်တဲ့ framework ကို ဖြည့်ပေးပါ။ တစ်ချို့ဟာတွေ update အကုန်မှာပါ။
- နောက်တစ်ချက်က ကျွန်တော်ပြောတဲ့ မိန့်ခွန်းတွေက ကျွန်တော့် ဘာသာရေးတာပါ၊ အဲဒီမှာ action point တွေ အများကြီးပါပါတယ်။ လုပ်သင့်တာတွေကို point တွေနဲ့ ရေးထားတဲ့အတွက် မိန့်ခွန်းတွေကိုလည်း ဖတ်စေချင်ပါတယ်။
- နောက်တစ်ချက် ဆေးရုံတိုင်းမှာ OPD မှာလုပ်တဲ့ register တွေကို စာအုပ်မလုပ်တော့ပါ၊ ကွန်ပျူတာနဲ့ register လုပ်ဖို့လုပ်ထား ပါတယ်။ တစ်ချိန်တည်းမှာပဲ တိုင်းဒေသကြီး/ပြည်နယ်မှာရှိတဲ့ ဝန်ထမ်းတွေကို basic ကအစ ကွန်ပျူတာသင်တန်းပေးနိုင်ဖို့ကို ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ/ဘဏ္ဍာ)က စီစဉ်ပေးပါ။ ကွန်ပျူတာအသင်းကို အကူအညီတောင်းရင်တောင်းပါ။
- ဒါတွေ လုပ်လိုက်လို့ရှိရင် ကျွန်တော်တို့ နိုင်ငံဟာ will be less stressful. ဥပမာ- ကျွန်တော်က HRH ညွှန်ချုပ်ကို ဒီနှစ်မှာ post graduate တွေ

၂၀၁၈ မှာ ဘယ်နယောက်ထွက်မယ်၊ ၂၀၁၉ မှာ ဘယ်နယောက်ထွက်မယ် ဆိုတာကို အလွယ်တကူသိနိုင်ပါတယ်။

- အထူးသဖြင့် ဒီ system မှာ အကျိုးရှိမှာက planning မှာ very realistic ဖြစ်လာမယ်၊ လောလောဆယ် မှန်းပြီးလုပ်နေရတာဆိုတော့ ဆေးဝယ်တာ ကအစ မှန်းပြီးလုပ်နေရတယ်။ အခုဆိုရင် ဒုတိယညွှန်ကြားရေးမှူးချုပ် (ဝယ်ယူဖြန်ဖြူးရေး)တို့ လုပ်နေပါတယ်၊ လွန်ခဲ့တဲ့ (၄)နှစ်အတွင်းမှာ ဒီဆေးရုံတစ်ရုံသည် each and every item မှာ ဘယ်လောက် ဝယ်ထားတယ်ဆိုတဲ့ average ကိုသိပါမယ်၊ ကချင်ပြည်နယ် ဆေးရုံမှာ Tetracycline ကို average က ဘယ်နလုံးဝယ်ထားလဲ ဆိုကိုသိမယ်၊ ကရင်ပြည်နယ်က ဘယ်လောက်လဲ၊ မွန်ပြည်နယ်က ဘယ်လောက် ဝယ်ထားလဲဆိုတာ တစ်ခါတည်းစုပြီး ဝယ်လိုက်ရင်ပြီးပါပြီ။ အရင် လက်ကျန်ကို ကြည့်လိုက်ရင် ဘယ်လောက်ဝယ်ထားတာကို သိတဲ့အခါကျတော့ ပိုက်ဆံကအလေအလွင့် မဖြစ်တော့ပါဘူး။ ကင်ဆာဆေးတို့ တခြားလိုအပ်တဲ့ဆေးတွေအတွက် ပိုက်ဆံတွေ ပိုထွက်လာပါမယ်၊ ဒီ computer system သာပြီးရင် ဆရာတို့ အကျိုးရှိပါမယ်။ ဒီလို computer system မရှိတဲ့အတွက်ကြောင့် ဆရာတို့ အရမ်းလည်းပင်ပန်းပါတယ်။
- တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးတွေကလည်း သူ့ data ကိုကြည့်လိုက်ရင်သိပါပြီ၊ ဥပမာ- TB ဖြစ်ဖြစ်၊ Malaria ဖြစ်ဖြစ်၊ HIV ဖြစ်ဖြစ် ကြည့်လိုက်ရင် ဒီမြို့နယ်ကတော့ အရမ်းများနေပြီ၊ အဲဒါဆိုရင် စီမံချက်မန်နေဂျာတွေကို လာကြည့်ဖို့ပြောလို့ရပါပြီ။ ဒါတွေကို သိလို့ရှိရင် ကျွန်တော်တို့ရဲ့ work efficiency က တက်လာပါမယ်။ work

efficiency တက်လာတဲ့အပြင် ကျွန်တော်တို့မှာ stress က လုံးဝမရှိတော့ပါဘူး။

- နောက်တစ်ခုက ကျွန်တော်တို့မှာ clinical domain, public health domain တွေရှိတဲ့အခါကျတော့ public health domain ကောင်းဖို့ကို data information က crucial ပဲ လုပ်ရပါမယ်၊ ဒါမှမရှိရင် ကျွန်တော်တို့က (၁)သိန်းဖိုးထည့်တာက (၁)သောင်းဖိုး လောက်ပဲ ပြန်ရပါတယ်။ stress လည်းများတယ်၊ အဲဒါကြောင့် data information သည် power ပါပဲ၊ ကျွန်တော့်အနေနဲ့ကတော့ ဌာနတိုင်းမှာ ICT unit တွေရှိပါတယ်။ အဲဒီ ICT unit ကို ဘယ်လိုအားဖြည့်မလဲ၊ ကျွန်တော်တို့လည်း ပံ့ပိုးပါမယ်။ ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ/ဘဏ္ဍာ)တို့ က holistic review of all the ICT unit each and every department လုပ်ပါ။ ဒီ unit တွေ strong ဖြစ်မှ ကျွန်တော်တို့က အောင်မြင်ပါမယ်။ ဆရာတို့အနေနဲ့ကြည့်ပါ၊ ဒါကို ဒီလုပ်မှသာလျှင် ကျွန်တော်တို့ရဲ့ action က dynamic ဖြစ်လာမှာပါ။
- နောက်တစ်ချက်က ကျွန်တော် ဝန်ကြီးမဖြစ်ခင်ကတည်းက ဒေါက်တာဖေသက်ခင်၊ ဒေါက်တာသန်းအောင်တို့ကို ပြောထားတာက computerized, HRH system ကို လုပ်ဖို့ပြောခဲ့ပါတယ်။ အခုတော့ ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ/ဘဏ္ဍာ)တို့ စလုပ်နေပါပြီ၊ အသေးစိတ်ကိုတော့ ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ/ ဘဏ္ဍာ)က ပြောပြမှာပါ။
- HRH data base ရပြီဆိုရင် ရာထူးတိုး၊ အပြောင်းအရွှေ့ကိစ္စတွေ လုပ်တဲ့အခါမှာလည်း သူ့ဟာနဲ့သူ systematically ဖြစ်သွား ပါမယ်။

လူဘယ်လောက် မွေးထုတ်ရမယ်ဆိုတာလည်း အကုန်သိမယ်၊ ဘယ်ဘာသာရပ်မှာ post graduate ကို ပို့ခေါ်ရမလဲ၊ သိမယ်၊ ဘယ်ဘာသာရပ်မှာ လျော့ခေါ်ရမလဲ၊ အဲဒါတွေကိုသိတဲ့ အပြင် ဒါတွေက cross reference လုပ်ရမလဲဆိုရင် လောလောဆယ် population destiny area wise disease pattern, number of hospital, အဲဒါနဲ့ cross reference လုပ်ပြီးတော့ production ကို အဲလိုလုပ်ရပါမယ်။ အခု HRH planning က အဲဒီအပိုင်းကိုမကြည့်ဘဲနဲ့ HRH ရှိ/မရှိလားကိုပဲ ပြန်လုပ်နေရပါတယ်။ HRH planning must be based on the population destiny လိုမယ်၊ size of the area လိုမယ်၊ different types of pattern တွေ ကြည့်ပြီးမှသာလျှင် ကျွန်တော်တို့က HRH ကိုလုပ်ရ ပါမယ်။ Training မှာကအစ ရောဂါ (A)မှာ အဖြစ် များတယ်ဆိုရင် ရောဂါ (A)နဲ့ပတ်သက်တဲ့ training တွေကို လုပ်ပေးရမယ်၊ ဆိုလိုတာက ပိုက်ဆံကို အကျိုးရှိစွာသုံးတယ်ဆိုတဲ့သဘော ဖြစ်သွားတာပေါ့၊ အဲဒါကြောင့် စာရင်းဇယားသည် ဘယ်လိုအရေးကြီးတယ်ဆိုတာကို ကျွန်တော်ပြောခြင်းဖြစ်ပါတယ်။

- နောက်တစ်ချက်က ဆရာတို့အားလုံးသိတဲ့အတိုင်း mobile tablet တွေ ပေးမယ်ဆိုတဲ့အခါကျတော့ ကျွန်တော်တို့ဝယ်ထားတာ (၂၀၁၇-၂၀၁၈) ဘဏ္ဍာနှစ်မှာ (၁,၉၁၇)လုံးဝယ်ထားပြီး၊ (၂၀၁၈-၂၀၁၉)ဘဏ္ဍာနှစ် (၆)လမှာ ၇ လက်မရှိတဲ့ tablet (၁၀,၃၆၀)လုံး နှင့် ၈ လက်မ (၁၂၀၀)လုံး ဝယ်ဖို့တင်ဒါခေါ်မယ်၊ ပိုက်ဆံရှိလည်း ရှိပါတယ်၊ ၈ လက်မ (၁၂၀၀) ကတော့ SMO (၇၃၀)နဲ့ TMO (၃၃၀)ကို စပေးမယ်။ (၂၀၁၈-

၂၀၁၉)မှာတော့ ခုတင်(၁၀၀)ဆေးရုံ နဲ့ ခုတင် (၂၀၀)က ဆရာဝန်တွေကို ပေးဖို့လုပ်ထားပါတယ်။ ဒါကတော့ အများကြီးအကျိုးရှိပါတယ်၊ ဥပမာ အနေနဲ့ပြောပါမယ်၊ ပြီးခဲ့တဲ့လက clinical professor, ဌာနမှူးတွေနဲ့ အစည်းအဝေး လုပ်တဲ့အခါမှာ ပြောခဲ့ပါတယ်။ ခု topic တွေ lecture တွေ အများကြီးရောက်နေပြီ။ ဥပမာ- Rheumatologist သူ့လူနာက ပြောတယ်၊ follow up လာမပြနိုင်ပါဘူး၊ ရန်ကုန်ကိုလာပြမယ် ဆိုရင် ပိုက်ဆံပိုတဲ့အတွက် အခု mobile tablet ကို သုံးလိုက်ရင် လူနာနေတဲ့ မြို့နယ်ကဆရာဝန်နဲ့ ဆက်သွယ်ပြီးပြောမယ်၊ အဲဒီအခါမှာ လူနာရဲ့ symptom တွေသာရှိမယ်၊ ဆေးတွေရဲ့ dose ကဘာ၊ follow up မှာ သက်သာလား၊ ပြောမယ်ဆိုရင် လူနာလည်း ပိုက်ဆံကုန်သက်သာတဲ့ အပြင် သူကုနေတဲ့ဆရာဝန်ကလည်း automatically trained ပညာရမှာ ဖြစ်ပါတယ်။ ဒါမျိုးတွေရှိပါတယ်၊ နောက်ပိုင်းဆိုလို့ရှိရင် ဒေါက်တာရဲမြနဲ့ တိုင်ပင်ထားပါတယ်၊ CME နဲ့ CPD ကို ဒါနဲ့ပဲ သွားတော့မှာပါ၊ အဲဒါလည်း သူတို့လုပ်နေပါတယ်၊ အဲဒါက ၂၀၁၉ လောက်ဖြစ်မယ် ထင်ပါတယ်။

- ဒီ CPD, CME ကို electronically လုပ်မယ်ဆိုရင်တော့ ကွန်ပျူတာအသင်းက အကုန်ပံ့ပိုးပေးမှာပါ။ ကွန်ပျူတာအသင်း ဥက္ကဋ္ဌ နဲ့ပြောပြီးပါပြီ၊ training တွေခေါ်ရင် လာတက်ရတဲ့ လူတွေလည်း အလုပ်ပျက်တယ်၊ ကျွန်တော်တို့ကလည်း ပိုက်ဆံကုန်ပါတယ်။ နောက်ပိုင်း mobile tablet တွေနဲ့ အကုန်လုပ်မှာပါ၊ အကုန်ပေးမှာပါ။ Mobile tablet ဝယ်တဲ့အခါမှာတော့ high capacity များများနဲ့ efficiency

ဖြစ်တာပဲ ဝယ်စေချင်ပါတယ်။ ပိုက်ဆံရှိရင်တော့ တစ်ခါတည်း အကောင်း ဝယ်လိုက်ရင် အကြာကြီးခံပါတယ်။

- ဆိုလိုတာက mobile tablet တွေကိုပေးထားမယ်ဆိုရှိရင် အခု အစည်း အဝေးတက်လာတဲ့ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးတွေ၊ public health professional အားလုံးက ရှိသမျှလူတွေအားလုံးနဲ့ umbilical cord နဲ့ ချိတ်ထားသလိုမျိုးဖြစ်မယ်။ ဥပမာ- ကျွန်တော်က midwives တွေအားလုံးကို တစ်ခုခုပြောချင်တယ် ဆိုရင် တစ်ချက်ပဲနှိပ်လိုက်ရင် that message will reach all the midwives, PHS I,II အကုန်ပါပါတယ်။ ဆိုလိုတာက ကျွန်တော်တို့က umbilical cord နဲ့ attach လုပ်ထားသလို ဖြစ်နေတာပေါ့၊ သူတို့လည်း ဒါကိုကြည့်ပြီးတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ website ကို ဝင်ကြည့်မှာပါ။ မဟုတ်လို့ရှိရင် midwife တစ်ယောက်က ဘာမှမရှိရှာဘူး၊ တောထဲ အင်တာနက် လိုင်းရရင် ဖွင့်ကြည့်လို့ရပါတယ်။ offline နဲ့ကြည့်လို့ရပါတယ်။ အဲဒီထဲမှာ SOP, Guideline အကုန်ပါပါတယ်။
- နောက်ပိုင်းကျရင် ဒါတင်မကပါဘူး ကျွန်တော်ဘယ်လိုလုပ်မလဲဆိုရင် indent form တွေကိုလည်း electronic transmission လုပ်မယ်။ ရန်ကုန်ဆေးရုံကြီးမှာလည်း Lab ကို လုပ်ဖို့ရှိပါတယ်။ Lab ကို တစ်ခု တည်းလုပ်ဖို့ စဉ်းစားနေပါတယ်၊ အခုက အနောက်ပိုင်းဆေးရုံမှာတစ်ခု၊ CWH မှာတစ်ခု စသည်ဖြင့် အကုန်လုံးပျံ့နေပါတယ်။ နောက်ပိုင်း တစ်နေရာတည်းလုပ်ဖို့ စဉ်းစားနေပါတယ်။ ဒါမှမဟုတ် တစ်နေရာ (သို့မဟုတ်) (၂)နေရာ လောက်မှာပဲထားပါမယ်။ sample တွေတော့

အဲဒီနေရာတွေ ပို့ရမယ်၊ result တွေကို electronically transmit လုပ်မယ်၊ Lab result ပေးတဲ့ form တွေလည်း ပြင်ခိုင်းထားပါတယ်။ ထိုင်းတင် မကပါဘူး၊ အမေရိကက form ပုံစံတွေကိုကြည့်ပြီး ကျွန်တော်တို့ ပြန်လုပ်မှာဖြစ်ပါတယ်။

- နောက်တစ်ချက်က mobile tablet ရှိခြင်းအားဖြင့် ဗဟိုမှာ တာဝန်ထမ်းဆောင်နေတဲ့သူတွေနဲ့ တိုင်းဒေသကြီး/ပြည်နယ်ဦးစီး မှူးတွေ real time basic နဲ့သိနေ၊ ချိတ်နေမယ်။ ကျွန်တော်တို့အနေနဲ့ work efficiency က အရမ်းတက်လာမှာပါ။
- နိဂုံးချုပ်အနေနဲ့ ကျွန်တော့်အနေနဲ့ကတော့ အပြောနဲ့မဖြစ်စေချင်ပါဘူး၊ အလုပ်နဲ့ပဲ သက်သေပါမယ်၊ အလုပ်လည်းအလုပ်နဲ့စပြီး သက်သေပြနေပါပြီ။ နောက်ပြီး email address က MoHS email address ဆိုတော့ တော်တော်ဂုဏ်ရှိပါတယ်။ အခုလိုလုပ် ထားတာတော်တော်လေးကောင်းပါတယ်။ ဘာပဲဖြစ်ဖြစ် ဒီ system ကြီးက တကယ့်တကယ် full fledged ဖြစ်မယ်ဆိုရင် ကျွန်တော်တို့ရဲ့လုပ်ငန်းသည် very much cost effective, very much cost efficient, less stress ဖြစ်မယ်။ အဓိကတော့ ဒါကို ဖြစ်မြောက်အောင်လုပ်ပေးတဲ့အဖွဲ့ကို ကျွန်တော့်အနေနဲ့ ကျေးဇူးတင်ပါတယ်။ ဆရာတို့အနေနဲ့ ဆက်ပြီးတော့ ဒီအဖွဲ့ကို ပံ့ပိုးပေးပါ၊ ဒီအဖွဲ့ကိုလည်း လူဦးရေပိုများအောင် အားလုံး ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းတို့က စဉ်းစားပေးပါ။ ဘာပဲဖြစ်ဖြစ် အားလုံးဝိုင်းဝန်းစုပေါင်းပြီး ပံ့ပိုးပေးပါ။ ဒီလိုလုပ်မှ ကျွန်တော်တို့ ကျန်းမာရေးနှင့်အားကစား

ဝန်ကြီးဌာနရဲ့ efficiency, effectiveness နဲ့ image က ယခုထက် ပိုကောင်းမှာဖြစ်ကြောင်း ပြောကြားရင်း နိဂုံးချုပ်ပါတယ်။

- အားလုံးကို ကျေးဇူးတင်ပါတယ်။